# ကလေးစာပေပွဲတော်(ပူတာအို) ပထမနေ့ပုံရိပ်များ






ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော်(ပူတာအို) ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူများ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



ကလေးစာပေပွဲတော်(ပူတာအို) ဖွင့်ပွဲအခမ်းအနားသို့ လာရောက်ကြသည့် ရဝမ်တိုင်းရင်းသူများကို တွေ့ရစဉ်။




ဂျိန်းဖော့တိုင်းရင်းသား ကျောင်းသူတစ်ဦး ကဗျာရွတ်ဆိုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်စဉ်။




တိုင်းခမ်းတီတိုင်းရင်းသား ကျောင်းသူတစ်ဦး ကဗျာရွတ်ဆိုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်စဉ်။




လီဆူတိုင်းရင်းသား ကျောင်းသူတစ်ဦး ပုံပြောပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်စဉ်။



လီဆူရိုးရာပြခန်းတွင် ပြသထားသည့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။



ရဝမ်ရိုးရာပြခန်းတွင် ပြသထားသည့် ရိုးရာတူရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။



ဆေးရောင်ခြယ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နေသည့် ကလေးငယ်တစ်ဦး။

# အီတလီ၊ ပြင်သစ်နှင့် မိုနာကိုနိုင်ငံတို့သို့ တရုတ်သမ္မတ ရှီကျင့်ဖျင် အလည်အပတ်ခရီးသွားရောက်မည်

**ပေကျင်း မတ် ၁၈**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အီတလီ၊ ပြင်သစ်နှင့် မိုနာကိုနိုင်ငံတို့သို့ မတ် ၂၁ ရက်မှ ၂၆ ရက်အထိ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြသည်။

သမ္မတရှီကျင့်ဖျင်သည် ကြီးမားသည့် စီးပွားရေးဇုန်တစ်ခု ဖန်တီးရေးအတွက် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်တွင် အီတလီပါဝင်လာမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးဖွယ်ရှိနေသည်။ နှစ်နိုင်ငံအစိုးရများသည် အခြေခံအဆောက်အအုံ ပြဋ္ဌာန်းချက်နှင့် ထောက်ပံ့ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးရန်လည်း မျှော်လင့်ထားကြသည်။

ဂရိနှင့် ပေါ်တူဂီကဲ့သို့သော ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့သည်လည်း တရုတ်နိုင်ငံနှင့် စာချွန်လွှာလဲလှယ်ရန် အသင့်ရှိနေသည်။ အီတလီနိုင်ငံသည် စာချွန်လွှာကို လက်မှတ်ရေးထိုးမည်ဆိုပါက တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်တွင် ပူးပေါင်းလာမည့်စက်မှုနိုင်ငံ ခုနစ်နိုင်ငံအုပ်စုမှ ပထမဆုံးသော နိုင်ငံဖြစ်လာမည်ဖြစ်သည်။

ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင်မူ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မူဘောင်အောက်တွင် ဆောင်ရွက်မည့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် နှစ်ဦးနှစ်ဖက် အကျိုးရှိမည်ဖြစ်ကြောင်းလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး



ဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ အီတလီနိုင်ငံအနေဖြင့် ၎င်းနိုင်ငံ၏ ကိုယ်ကျိုးစီးပွားကို အခြေခံသော မှန်ကန်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိမ့်မည်ဟုလည်း ယုံကြည်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် မိုဇမ်ဘစ်နိုင်ငံ ဘီအီရာမြို့ ၉၀ ရာခိုင်နှုန်း ပျက်စီး

**မာပူတို မတ် ၁၈**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက မိုဇမ်ဘစ်နိုင်ငံတွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း အိုင်ဒီတိုက်ခတ်ခဲ့မှုကြောင့် ဘီအီရာမြို့၏ ၉၀ ရာခိုင်နှုန်း ပျက်စီးခဲ့ရကြောင်း ကြက်ခြေနီအဖွဲ့က မတ် ၁၈ ရက်တွင် ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုဇမ်ဘစ်နှင့် အိမ်နီးချင်း ဇင်ဘာဘွေနိုင်ငံတို့တွင် သေဆုံးခဲ့သူဦးရေမှာ ၁၅၇ ဦးထိ မြင့်တက်ခဲ့ကြောင်း အေအက်စ်ပီသတင်းတွင် ဖော်ပြသည်။

ဘီအီရာမြို့၏ ၉၀ ရာခိုင်နှုန်းမှာ ပျက်စီး သို့မဟုတ် ဖျက်ဆီးခံခဲ့ရကြောင်း ကြက်ခြေနီအဖွဲ့က ပြောကြားသည်။ မတ် ၁၇ ရက်က ကြီးမားသော ဆည်တစ်ခု ကျိုးပေါက်မှုကြောင့် လူဦးရေ ၅၃၀၀၀၀ နေထိုင်သည့် ဘီအီရာမြို့နှင့် ဆက်သွယ်သည့် နောက်ဆုံးလမ်းမှာ ပြတ်တောက်သွားခဲ့ကြောင်း ကြက်ခြေနီအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း အိုင်ဒီသည် မတ် ၁၄ ရက်က မိုဇမ်ဘစ်နိုင်ငံ အလယ်ပိုင်းသို့ တစ်ဟုန်ထိုးဝင်ရောက်ခဲ့ပြီး ဇင်ဘာဘွေနိုင်ငံတွင်းသို့ မဝင်ရောက်မီအထိ လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများနှင့် ပြင်းထန်သည့် လေပြင်းတိုက်ခတ်မှုများကို ဖြစ်ပွားစေခဲ့ကာ လူနေအိမ်များနှင့် လမ်းမများကို ရေစီးဖြင့် မျောပါစေခဲ့သည်။

တရားဝင်သတင်းရင်းမြစ်များမှ ထုတ်ပြန်သည့် အချက်အလက်များကို အေအက်ဖ်ပီမှ မတ် ၁၈ ရက်တွင် စုဆောင်းကောက်ယူမှုများအရ အဆိုပါမုန်တိုင်းဒဏ်ကြောင့် မိုဇမ်ဘစ်နိုင်ငံတွင် သေဆုံးသူဦးရေမှာ ၆၈ ဦးရှိပြီး ၎င်းအထဲတွင် ဘီအီရာမြို့၌ သေဆုံးသူ ၅၅ ဦး ပါဝင်သည်။ ဇင်ဘာဘွေနိုင်ငံတွင် ၈၉ ဦးရှိခဲ့ကာ ယခင်က ရရှိထားသည့် စုစုပေါင်း သေဆုံးသူ ၁၂၇ ဦး စာရင်းထက် ပိုမိုနေသည်။

မုန်တိုင်းဒဏ်သင့်မှုအခြေအနေမှာ ကြောက်မက်ဖွယ်ကောင်းပြီး အပျက်အစီးပမာဏမှာ အလွန်ကြီးမားကြောင်း ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ခရိုင်းမီးယားဒေသအား သိမ်းယူခြင်း ငါးနှစ်ပြည့်တွင် ရုရှားသမ္မတ ပူတင် ခရိုင်းမီးယားသို့ သွားရောက်

**မော်စကို မတ် ၁၈**

ခရိုင်းမီးယားဒေသအား ယူကရိန်းနိုင်ငံထံမှ သိမ်းယူခြင်း ငါးနှစ်ပြည့်အထိမ်းအမှတ်ကို ရုရှားနိုင်ငံတွင် မတ် ၁၈ ရက်က ကျင်းပသည်။ ယင်းလုပ်ဆောင်မှုကို ယူကရိန်းနိုင်ငံနှင့် မဟာမိတ်အနောက်အုပ်စုနိုင်ငံများက ရှုတ်ချခဲ့သော်လည်း ရုရှားနိုင်ငံသားအများစုက အခမ်းအနားကျင်းပကြသည်။

ပင်လယ်နက်ကျွန်းဆွယ်ဒေသတွင် ပြုလုပ်သည့် ယင်းအခမ်းအနားသို့ ရုရှားသမ္မတပူတင် ပါဝင်ဆင်နွှဲရန် သွားရောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံသစ်ဖွင့်ပွဲနှင့် ပြည်သူလူထုနှင့် တွေ့ဆုံပွဲပြုလုပ်သည်ဟု ကရင်မလင်နန်းတော်က ပြောကြားသည်။

၂၀၁၄ ခုနှစ် မတ်လအတွင်းက ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံက လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။ ရုရှားလိုလားသော ယူကရိန်းနိုင်ငံခေါင်းဆောင်အား ရာထူးမှဖယ်ရှားခဲ့ပြီးနောက်တွင် ရုရှားနှင့်ယူကရိန်းနိုင်ငံအကြား တင်းမာမှုများ လအတန်ကြာဖြစ်ပွားခဲ့ပြီးနောက် ခရိုင်းမီးယားဒေသအား ရုရှားက ၎င်း၏ပိုင်နက်နယ်မြေတွင်းသို့ သွတ်သွင်းခဲ့ခြင်းဖြစ်သည်။

ဆိုဗီယက်ခေါင်းဆောင်ဟောင်း နီကီတာခရူးရှက်ဗ်က ၁၉၅၄ ခုနှစ်တွင် ခရိုင်းမီးယားဒေသအား ယူကရိန်းက ထိန်းချုပ်ရန် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ခရိုင်းမီးယားဒေသအား ပြန်သိမ်းယူခြင်းသည် သမိုင်းအမှားတစ်ခုကို ပြင်ဆင်ခြင်းဖြစ်သည်ဟု ရုရှားက ပြောကြားခဲ့သည်။ သမ္မတပူတင်၏ ခရိုင်းမီးယားဒေသအား ပြန်လည်သိမ်းယူသည့် လုပ်ဆောင်မှုမှာ ၎င်းအား လူကြိုက်များမှုကို မြင့်တက်စေသည့် အဓိကအကြောင်းရင်းဖြစ်သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းမှ ခွဲထွက်ရေးဝါဒီများအား ရုရှားက အထောက်အပံ့ပေးနေခြင်းနှင့် ခရိုင်းမီးယားဒေသအား ရုရှားပိုင်နက်အတွင်း သိမ်းသွင်းခြင်းတို့ကို ယူကရိန်းအစိုးရနှင့် အနောက်အုပ်စု မဟာမိတ်နိုင်ငံများက ရှုတ်ချခဲ့ပြီး ယင်းလုပ်ဆောင်မှုများက ရုရှားနိုင်ငံအပေါ် ကျယ်ပြန့်သည့် ဒဏ်ခတ်ပိတ်ဆို့မှုများ ဖြစ်ပေါ်စေရန် ဦးတည်စေခဲ့သည်။

ခရိုင်းမီးယားဒေသရှိ ဆီဗက်စတိုပိုလ်ပင်လယ်ဆိပ်ကမ်းမြို့တွင် ရုရှားပင်လယ်နက်ရေတပ် ရေယာဉ်စုအခြေစိုက်ထားပြီး ယင်းသို့ ရုရှားရေတပ်က အခြေစိုက်ထားမှုမှာ နှစ်ပေါင်း ၂၃၀ ရှိပြီဖြစ်သည်။ ရုရှားရေတပ်သည် အဆိုပါ ရေတပ်အခြေစိုက် စခန်းမှနေ၍ မြေထဲပင်လယ်သို့ ဝင်ရောက်နိုင်သည်။ **အေအက်ဖ်ပီ**



# အာဖဂန်နစ္စတန်မြောက်ပိုင်း ပဋိပက္ခဖြစ်ပွားမှု လူ ၂၈ ဦး သေဆုံး

**ကဘူးလ် မတ် ၁၈**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဖာယက်ပြည်နယ်တွင် မတ် ၁၇ ရက်က လုံခြုံရေးတပ်ဖွဲ့နှင့် တာလီဘန် လက်နက်ကိုင်များအကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၃ ဦး၊ လက်နက်ကိုင် ၁၅ ဦး သေဆုံးခဲ့ကြောင်း အာဖဂန်စစ်ဘက်ဆိုင်ရာက ယင်းနေ့တွင် ပြောကြားခဲ့သည်။

တာလီဘန်လက်နက်ကိုင်များက ဖာယက်ပြည်နယ်အနောက်တောင်ပိုင်း ကေဆာဒေသရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးစခန်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ အပြင်းအထန်ဖြစ်ပွားခဲ့ကြောင်း အာဖဂန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဟာဒီဂျမယ်လ်က ဆိုသည်။

အပြန်အလှန်ပစ်ခတ်မှုများ နာရီနှင့်ချီဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် လက်နက်ကိုင်အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဟာဒီဂျမယ်လ်က ပြောကြားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုမှာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း တာလီဘန်များက ကြေညာထားပြီး အပြန်အလှန်ပစ်ခတ်မှုများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၃၆ ဦး သေဆုံးသည်ဟု ဆိုသည်။ **ဆင်ဟွာ**

# ပါကစ္စတန်တွင် မီးရထားတစ်စင်း ဗုံးခွဲတိုက်ခိုက်ခံရ သုံးဦးသေ၊ ခြောက်ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် မတ် ၁၈**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ခရီးသည်တင်ရထားတစ်စင်း ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အနည်းဆုံး လူသုံးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်မီဒီယာများ၏ သတင်းများအရ သိရသည်။

အမည်မသိ လက်နက်ကိုင်တစ်စုသည် ဘလူချီစတန်ပြည်နယ် ဒီရာမူရက်ဒ်ဂျမာလီဒေသရှိ ရထားသံလမ်းပေါ်တွင် အဝေးထိန်းဖောက်ခွဲရေးဗုံးတပ်ဆင်ထားပြီး ရထားဖြတ်သန်းချိန်တွင် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်းနှင့် ယင်းတိုက်ခိုက်မှုကြောင့် ရထားတွဲငါးတွဲ လမ်းချော်တိမ်းမှောက်ခဲ့ကြောင်း ဒေသခံရဲအရာရှိတစ်ဦး၏ ပြောကြားချက်အား ကိုးကား၍ မီဒီယာများက ဖော်ပြထားသည်။

အခင်းဖြစ်ကိစ္စနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ သေဆုံးသူများ၏ ရုပ်အလောင်းနှင့် ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့်နေရာတွင် ရထားသံလမ်းပျက်စီးမှုကြောင့် ရထားသယ်ယူပို့ဆောင်ရေးခရီးစဉ်များ ယာယီရပ်တန့်ထားရကြောင်း သိရသည်။

အဆိုပါခရီးသည်တင်ရထားမှာ ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ရာဝယ်ပင်ဒီမြို့မှ ဘလူချီစတန်ပြည်နယ် ကွတ်တာမြို့သို့ ပြေးဆွဲသည့်ရထားဖြစ်ကြောင်း သိရသည်။

ဗုံးခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်ကမျှ ကြေညာချက်ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတကာခြေစမ်းပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်နေမှုမြင်ကွင်း











မြန်မာ့လက်ရွေးစင် အမျိုးသား ဘောလုံးအသင်းသည် မတ် ၁၉ ရက်တွင် ကစားမည့် တရုတ် (တိုင်ပေ) အသင်းနှင့် ခြေစမ်းပွဲ၊ မတ် ၂၅ ရက်တွင် ကစားမည့် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲတို့အတွက် မန္တလေးမြို့ မန္တလာသီရိကွင်း၌ လေ့ကျင့်ပြင်ဆင်နေမှု

■ ဓာတ်ပုံ-စိုးညွန့်



## ကရင်ပြည်နယ်တွင် ရွှေဖားစည်အဆင့်မြင့်အိမ်ရာအပ်နှံပွဲ ကျင်းပ

**ဘားအံ မတ် ၁၈**

ရွှေဖားစည်အဆင့်မြင့်အိမ်ရာအပ်နှံပွဲ အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ် ၅ ရပ်ကွက်ရှိ အဆိုပါ ရွှေဖားစည်အဆင့်မြင့်အိမ်ရာ၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး UMH Development ကုမ္ပဏီမှ C.E.O ဦးထွန်းအောင်ရွှေက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်ကြသူများက အိမ်ရာများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါရွှေဖားစည်အဆင့်မြင့်အိမ်ရာတွင် အခန်းတစ်ခန်းလျှင် ၂၃ ပေ၊ ၂၇ ပေ အကျယ်ရှိပြီး တစ်လွှာလျှင် လေးခန်းရှိကာ အလွှာငါးလွှာပါ အဆောက်အအုံ ၁၅ လုံး စုစုပေါင်း တိုက်ခန်း ၃၀၀ ရှိပြီး မြေညီထပ်ရှိ တိုက်ခန်းတစ်ခန်းလျှင် ၁၇၅ သိန်း၊ တစ်လွှာလျှင် ငါးသိန်းစီ လျော့နည်းစွာ တန်ဖိုးရှိကြောင်းနှင့် ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသော အစိုးရဝန်ထမ်းများ အိုးပိုင်အိမ်ပိုင်အဖြစ် ပိုင်ဆိုင်နိုင်ရေး ရည်ရွယ်ကြောင်း သိရသည်။

**နေမျိုးလွင်(ခရိုင်ပြန်/ဆက်)**

## မြန်မာ့ဂေါ်ဖီထုပ်များ မြဝတီမှ ထိုင်းနိုင်ငံသို့ နေ့စဉ်တန်ချိန် ၁၅၀ ခန့် တင်ပို့

**မြဝတီ မတ် ၁၈**

မြန်မာနိုင်ငံမှ ဂေါ်ဖီထုပ်များအား မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ နေ့စဉ် တန်ချိန် ၁၅၀ ခန့် တင်ပို့နေကြောင်း မြဝတီမြို့ ဘုရင့်နောင်ဈေး ဟင်းသီးဟင်းရွက်ဈေးကွက်မှ သိရသည်။

"အရင်နှစ်တွေကတော့ မြန်မာ့ဂေါ်ဖီထုပ်တွေကို ထိုင်းဘက်ကို တင်ပို့ခြင်းမရှိပါဘူး။ အခုနှစ်မှပို့တာပါ။ အဲဒီနှစ်မှာ သူတို့ဂေါ်ဖီခင်းတွေ ပျက်စီးကုန်တယ်၊ ဒါကြောင့် မြန်မာဘက်က ဂေါ်ဖီထုပ်တွေကို ဝယ်ယူကြတာပါ။ အခွံခွာပြီး အချောကိုင်ပြီးသားဆိုရင် တစ်ကီလို ခုနစ်ဘတ်ရပြီး အကြမ်းထည်အတိုင်း အခွံမခွာဘူးဆိုရင် တစ်ကီလို ခြောက်ဘတ်ဈေးရပါတယ်၊ ဇန်နဝါရီလောက်ရောက်သွားရင်တော့ တစ်ကီလို ကိုးဘတ်ဖြစ်သွားပါပြီ၊ ထိုင်းမှာက စားသောက်ဆိုင်တွေများတော့ ဂေါ်ဖီကို အသုံးများကြတယ်"ဟု ထိုင်းဘက်သို့ ဂေါ်ဖီထုပ်တင်ပို့သူကုန်သည်တစ်ဦးက ပြောသည်။

မြဝတီမှတစ်ဆင့် ထိုင်းဘက်သို့တင်ပို့နေသော ဂေါ်ဖီထုပ်များမှာ ပြည်၊ ပွဲ့န်တန်ဆာ၊ ဒိုက်ဦးမြို့များမှ လာသလို ကလောနှင့် အောင်ပန်းမြို့တို့မှလည်း လာရောက်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက် သစ္စာလမ်း၌ မတ် ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ မှုခင်းပြခန်းယာဉ်ဖြင့် ရန်ကင်းမြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး စိုးလှိုင်နှင့်အဖွဲ့က ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောစဉ်။

**ကိုရဲ**

## တိုတိုထွာထွာဖတ်စရာ

### မုံရွာမြို့ အဝေးပြေးကားကြီးဝင်း ယခုနှစ်အတွင်း အပြီးတည်ဆောက်မည်

**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တောင်ရပ်ကွက်တွင် အဝေးပြေးကားကြီးဝင်းကို ယခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"လက်ရှိကားဝင်းက ကျဉ်းတယ်။ ခရီးသည်တွေကလည်း များလာတယ်။ လေအိတ်ကားကြီးတွေ ဝင်လိုက်ရင် အကုန်လုံး ကျပ်တည်းပြီးတော့မှ အဝင်အထွက် အခက်အခဲတွေ ဖြစ်တယ်၊ အဲဒါကြောင့် မြေဧက ၁၂ ဧကပေါ်မှာ အဝေးပြေးကားဝင်း ဖော်လိုက်တာပါ" ဟု အင်ဂျင်နီယာမှူး ဦးလှမျိုးက ပြောသည်။

**ကိုမင်း(အင်းတော်)**

### မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းသို့ ခရီးဆောင်အိတ်များလှူဒါန်း

**မန္တလေး**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းသို့ အလှူရှင်ဦးရဲလင်း၊ ဇနီးဒေါ်ယဉ်ယဉ်ကြည် (စိန်မြင့်မိုရ်ကဖေး) နှင့် AMM အားကစားပစ္စည်းဆိုင်မိသားစုက ခရီးဆောင်အိတ် ၂၄ လုံး ပေးအပ်လှူဒါန်းပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက လမ်း ၃၀ နှင့် ၆၈ လမ်းထောင့်ရှိ စိန်မြင့်မိုရ်ကဖေးနှင့် SMM အားကစားပစ္စည်းဆိုင်၌ကျင်းပခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

### အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းဖွင့်

**မက်မန်း**

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မော်ဖဒေသ မက်မန်းမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ဒုတိယပတ်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဒေါ်ယဉ်ယဉ်မေက သင်တန်းစည်းကမ်း၊ သင်တန်းသင်ရိုးညွှန်းတမ်းများကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို မတ် ၉ ရက်မှ ဧပြီ ၉ ရက်အထိတစ်လကြာ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**သိမ်းစိုးမိုး**

### မူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညွန့်လွင်ဦးက မတ် ၁၇ ရက် ညနေ ၃ နာရီက လမ်းမတော်မြို့နယ် အမှတ် (၇) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား မူခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**နိုးတူး (ကျောက်တန်း)**



လှိုင်မြို့နယ် အမှတ် (၄)ရပ်ကွက် ဇေယျသိဒ္ဓိဓမ္မာရုံတွင် ဒုတိယမြို့နယ်ရဲမှူး ဒုရဲမှူး ဇော်မင်းဦးနှင့် အဖွဲ့ မတ်လဒုတိယပတ်က ဒေသခံပြည်သူများအား မူခင်းအသိပညာပေး ဟောပြောဆွေးနွေးစဉ်။

ကိုရဲ

## ကယားပြည်နယ်တွင် စေတီတော်နှစ်ဆူ ထီးတော်တင်လှူ

**မယ်စဲ့ မတ် ၁၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်ပိန်းလင်ကျေးရွာ လွိုင်မောင်းလောင်းတောင်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ငြိမ်းချမ်းရေးဇိနမာန်အောင်စေတီတော်ကြီးနှင့် အောင်တော်မူ စေတီတော်ကြီး ထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၇ နာရီက အဆိုပါတောင်၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို လက်ယာရစ်လှည့်လည်ပူဇော်၍ ထီးတော်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်မြတ်ကို ပန်းရထားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ငြိမ်းချမ်းရေးဇိနမာန်အောင်စေတီတော်ကြီးနှင့် အောင်တော်မူ စေတီတော်ကြီးပေါ်သို့ ပင့်ဆောင်ခဲ့ကြပြီး ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## လယ်မြေဧက ၂၂၀ ဖော်ထုတ်မှု ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**မြန်အောင် မတ် ၁၈**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် တာခွတဲကြီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၂၅၀/၂၅၁) တွင် စံပြစက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧက ၂၂၀ ဖော်ထုတ်နေမှု အခြေအနေကို မတ် ၁၇ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း ၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်းနှင့် တောင်သူများ နည်းပညာလိုအပ်ပါက ဌာနဆိုင်ရာများကို မေးမြန်းရန်နှင့် တောင်သူများအားစံပြစက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ပြောကြားသည်။

စံပြစက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ရာတွင် ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်းနှင့် ၎င်းတို့နှင့်ဆက်စပ်တည်ဆောက်ရေးအဆောက်အအုံများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှိုင်တိုးနှင့် မိုးတက်လမ်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာတို့က ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးဇော်က စံပြစက်မှုလယ်ယာတွင် စိုက်ပျိုးမည့်နည်းစနစ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြန်အောင် (ပြန်/ဆက်)**

## ဂန္ထဝင်ဂီတပညာရှင် ဂီတနက်သန်ဦးအုန်းလွင်အား ဂုဏ်ပြု

**ရန်ကုန် မတ် ၁၈**

ဂန္ထဝင်ဂီတပညာရှင်ကြီး ဂီတနက်သန် ဆရာဦးအုန်းလွင်အား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

"မြန်မာဂီတသီချင်းတွေဟာ အရေးအသား နူးညံ့ပျော့ပျောင်းလှသလို အလွန်ပဲ နားဝင်ပီယံဖြစ်ပါတယ်။ ဦးစောညိန်းတည်ထောင်ခဲ့တဲ့ ဂီတနက်သန်သမိုင်းစဉ်တစ်ခုဟာ ဒီကနေ့အထိ ရှင်သန်နေတယ်လို့ ဆိုရမှာပါ။ ဂီတနက်သန်လို့ဆိုတဲ့သဘောကတော့ မြန်မာလူမျိုးတွေအတွက် အင်မတန်မှ စစ်မှန်တဲ့ဂီတလို့ပြောရမှာဖြစ်ပါတယ်။ ဒီလိုစစ်မှန်တဲ့ဂီတကို တန်ဖိုးထားတဲ့အနေနဲ့ရောဆရာကြီးဦးအုန်းလွင်ကို လေးစားသောအားဖြင့် ဒီကနေ့အခမ်းအနားကို တက်ရောက်လာခြင်းဖြစ်ပါတယ်" ဟု စာရေးဆရာမ ရွှေကူနန်းနွဲ့နွဲ့က ပြောသည်။

ဆရာကြီးသည် သီချင်းအပုဒ်ပေါင်း ၂၀၀ နီးပါးရေးသားခဲ့ပြီး ယခုအခါ အသက် ၉၄ နှစ်ရှိပြီဖြစ်သည်။

**မြင့်မောင်စိုး**



## ဒဂုန်တာရာ ရာပြည့်အကြို ဝတ္ထုရှည်တစ်ထောင်နှင့် ခေတ်ဟောင်းဂျာနယ်ပြပွဲ၊ စာအုပ်ဈေးပွဲတော်ကျင်းပ

**မန္တလေး မတ် ၁၈**

ငြိမ်းချမ်းရေးစာရေးဆရာကြီး ဒဂုန်တာရာ ရာပြည့်အကြို မြန်မာရသဝတ္ထုရှည်တစ်ထောင်နှင့် ခေတ်ဟောင်းဂျာနယ်ပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကို မတ် ၁၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်ရှိ ရတနာပျိုးခင်း စာကြည့်တိုက်တွင် ကျင်းပသည်။

ဒဂုန်တာရာရာပြည့်အကြို မြန်မာရသဝတ္ထုရှည်တစ်ထောင်နှင့် ခေတ်ဟောင်းဂျာနယ်များပြပွဲတွင် ငြိမ်းချမ်းရေးစာရေးဆရာကြီး ဒဂုန်တာရာ၏ ပုံတူရုပ်တု၊ စာပေဆိုင်ရာရေးသားမှုများမှ ကောက်နုတ်ချက်များ၊ ရေဆေးပန်းချီကားများ၊ ရေးသားခဲ့သည့် စာအုပ်များ၊ ခေတ်ဟောင်းဂျာနယ်များ၊ စာအုပ်များကို ပြသထားသည်။ တိုးမြစ်စာအုပ်တိုက်မှ ထုတ်ဝေသော ဒဂုန်တာရာ၏ နိုင်ငံရေးယဉ်ကျေးမှု စာအုပ်နှင့် ကောင်းကင်ကရွှေပိန်ညင်းရယ် မိုးခေါ်လို့ဆင်းအမည်ရှိ စာအုပ်နှစ်အုပ်အပါအဝင် ဒဂုန်တာရာ ရာပြည့်အကြို အမှတ်တရလွယ်အိတ်ကိုလည်း အထူးနှုန်းဖြင့် ရောင်းချပေးသည်။

ခေတ်ဟောင်းဂျာနယ်ပြပွဲ စာအုပ်ဈေးရောင်းပွဲတော်ကိုမတ် ၁၆ ရက်မှ ၂၀ ရက်အထိ နံနက်၉ နာရီမှ ည ၉ နာရီအထိ ပြသရောင်းချပေးလျက်ရှိသည်။

**မောင်ပြည်သူ(မန္တလေး)**

## အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော် ထပ်မံရွေးချယ်ခံရ




**ရန်ကုန် မတ် ၁၈**

အာဆီယံဘောလုံးအဖွဲ့ချုပ်ကွန်ဂရက်ကို မတ် ၁၇ ရက် နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

ကွန်ဂရက်မတိုင်မီ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ၂၀၁၉-၂၀၂၃ ခုနှစ်အတွက်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခဲ့ပြီး ဥက္ကဋ္ဌအသစ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံမှ Major General Khiev Sameth က ရွေးချယ်တင်မြှောက်ခံခဲ့ရကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မလေးရှားနိုင်ငံမှ ဘင်ဟာဂျီမိုဒ်အမင်၊ တီမောနိုင်ငံမှ ဖရန်စစ္စကို ခါလ်ဘူအာဒီလေတို့နှင့်အတူ ဒုဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# နိဗ္ဗာနဒါနအလှူ (၈၄၀၀၀) ပြည့် သံဃာတော်အား လှူဒါန်းခြင်းအတွက် စုကြီးများ ဆက်ကပ်လှူဒါန်းခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

(၆.၁၂.၂၀၁၆) ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့သော
Famous Traveller Express ယာဉ်လိုင်းသည်
စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ရဟန်း/သံဃာ/သီလရှင်များအား
ရာသက်ပန် အခမဲ့ စီးနင်းခွင့် နိဗ္ဗာနဒါနအလှူ လှူဒါန်းခဲ့ရာ (၈-၃-၂၀၁၉) ရက်နေ့တွင်
လှူဒါန်းခဲ့သော ရဟန်း/သံဃာ/သီလရှင် စုစုပေါင်း (၈၄၀၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။
(၈၄၀၀၀) ပါး ပြည့်မြောက်ခဲ့သော သံဃာတော်အား ဝတ္ထုငွေ (၁,၀၀၀,၀၀၀) ကျပ်နှင့်
သင်္ကန်း ပရိက္ခရာ (၈) ပါး စုံလင်စွာ လှူဒါန်းခဲ့ပါသည်။
ယခုကဲ့သို့ ကုသိုလ်ပြုရခြင်းအပေါ် Famous Traveller Express ယာဉ်လိုင်းအား
စီးနင်းလိုက်ပါ အားပေးကြသော မိဘပြည်သူများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့်
လှူဒါန်းမှု အစုစုအား သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါရန် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဖော်ပြအပ်ပါသည်။

Daw Sandar Soe
Managing Director
Famous Traveller International Co., Ltd.

" တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုထားသူများအတွက် အနာဂတ်ပညာရေးလမ်းကြောင်း နှင့် ရွေးချယ်စရာများဆိုင်ရာဟောပြောပွဲ "



Prof. U Aye Kyaw
Founder & Principal, Myanmar Leadership & Management Institute

U Nay Lin Aung
Founder & Principal, NAY LIN AUNG Finance & Accountancy Academy

Daw Moe Pale
Principal, KMD Institute

Daniel Song
Founder & Principal, STARFISH Education

Date: 27th March 2019
Time: 9:00 Am ~ 12:00 Nn
Place: UMFCCI
Address: No. (29), Min Ye Kyaw Zwa Road, Lanmadaw Township, Yangon.

Register now
09 777264230, 09 777264231
09 766999775, 09 799805715

ဟောပြောပွဲ တက်ရောက်မည့်သူများအတွက် ကံစမ်းမဲ နှင့် Discount အစီအစဉ်များ

STARFISH Education | KAPLAN Certified Education Provider

General English | Business English

IELTS | TOEFL | SAT | GMAT | GRE

General English Weekday — 13th March 2019 မှစ၍ / 22nd April 2019 မှစ၍
General English Weekend — 20th April 2019 မှစ၍
Kaplan IELTS / TOEFL Foundation Test Preparation Weekday — 1st April 2019 မှစ၍
Kaplan IELTS / TOEFL Foundation Test Preparation Weekend — 16th March 2019 မှစ၍

Enroll Now 09 777264230–31

နှစ်စဉ်အောင်ချက်မြင့်မား၍ ဂုဏ်ထူးရှင်များ နှင့် Top Ten အဆင့်မီ ကျောင်းသားများမွေးထုတ်ပေးနေသောကျောင်း

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ကတထ-၁၃/၀၉/၀၂

မိဘများ၏တောင်းဆိုချက်အရ ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ မူလတန်း တန်းခွဲသစ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံနေပါပြီ။



■ မြန်မာစာ ■ သင်္ချာ ■ မြန်မာစာ + Guide


ဧ/၁၀ (SPECIAL) တန်းခွဲများ မတ်လ (၂၅)ရက်နေ့ စမည်။

(Top-3)

မူလတန်းသင်ကြားရေး

(Cambridge Primary)

4 skill (English)





ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။


## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံရိပ်သာ၊ အမှတ်(၂၂)နေ ဦးလှရွှေ[၁၂/ တမန(နိုင်)၀၄၆၃၈၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။ဦးလှရွှေမှ ဦးဉာဏ်ထွန်း(ဘ)ဦးမောင်စိန် (အေအေ-၀၅၀၀၀၃) ကိုင်ဆောင်သူထံသို့ ၁၉-၈-၁၉၉၇ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ပေးသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၆၂၆/၁၉၉၇)အား ဤကြော်ငြာစာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက် ပြီဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးလှရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကွန်းဇော် (စဉ်-၈၂၇၅/၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၃၄၁)၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၅၇၇၀၈၊ ၀၉-၄၂၀၁၁၅၉၆၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ တိုက်အမှတ်(၄/၂၁)၊ ၃ခန်းတွဲ(၅)ထပ်တိုက် အဆောက်အအုံ၏ အကျယ်အဝန်း (၁၄ပေ×၄၅ပေ)ရှိ တတိယထပ် (၄)လွှာ (လမ်းမှမျက်နှာမူလျှင် ညာဘက်ခြမ်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား မိမိမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်သီတာစိုး [၇/ဖမန(နိုင်)၁၃၆၂၅၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ရတနာခွေး(LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၄၉၇)**
**အမှတ်-၄၀၈၊ မြတ်လေး(၅)လမ်း၊ ၂၂ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၃၂၇၂၁၃**

## တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

